# Letter to the Friends
# မိတ်ဆွေများအတွက်ပေးစာ



Ivan Edward - ဘာသာပြန်သည်။

မိတ်ဆွေ၊သခင်ယေရှုခရစ်နှင့်ပတ်သက်၍ကြားဖူးနားဝရှိမည်ဟုယုံကြည်ပါသည်။ သင်တို့သည်ခရစ်ယာန်မိတ်ဆွေများနှင့်အတူခရစ်ယာန်ဘုရားကျောင်းသို့ခရစ်ယာန်တို့၏ပွဲနေ့အချို့တို့နှင့်လက်ထပ်ထိမ်းမြားခြင်းအမှုတို့တွင်ဖိတ်ကြားခံရခြင်းနှင့်အခြားသောကိစ္စတို့ဖြင့်သွားရောက်ဖွယ်ရာရှိကောင်းရှိနိုင်ကြရာထိုနေရာတွင်ထိုအရှင်နှင့်ပတ်သက်၍ကြားနာကြမှုတွင်အမှန်တကယ်နှစ်သက်ကြမည်ဟုမျှော်လင့်မိပါသည်။ ယခုသင်တို့သည်သခင်ယေရှုခရစ်တော်ဟူသောထိုကယ်တင်တော်မူမည့်နာမတော်အကြောင်းကိုအနည်းငယ်မျှဝေလိုပါသည်။ ထိုအရှင်တစ်ပါးတည်းသာလျှင်သင်တို့(လူသား)အားလုံးတို့တွင်ရှိသောအပြစ်တို့ကိုကယ်တင်တော်မူနိုင်သောအရှင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှပြောဆိုလျက်ရှိသည်မှာ၊–

*“ငါတို့ကိုချစ်၍မိမိအသွေးနှင့်ငါတို့အပြစ်များကိုဆေးကြောတော်မူ၍၊.. ”(ဗျာဒိတ်ကျမ်း ၁း၅)*

*“ထိုသခင်၏နာမတော်မှတပါးငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှကောင်းကင်အောက်လူတို့တွင်မပေါ်မရှိဟုပေတရုသည်တိုသူတို့အားမြွက်ဆို၏။ ”(တမန်တော်ဝတ္တု ၄း၁၂)*

*“အဘယ်ကြောင့်နည်းဟူမူကား၊လူအပေါင်းတို့သည်ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။ ”(ရောမဩဝါဒစာ ၃း၂၃)*

*“အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။ ပြုဘူးသမျှသောကုသိုလ်ကောင်းမှုတို့သည်ညစ်သောအဝတ်နှင့်တူကြပါ၏။ ”(ဟေရှာယအနာဂတ္တိကျမ်း ၆၄း၆)*

*“မသန့်ရှင်းသောအရာထဲကသန့်ရှင်းသောအရာကိုအဘယ်သူထုတ်ဘော်နိုင်သနည်း။ ”(ယောဘဝတ္ထု ၁၄း ၄)*

သခင်ယေရှုမှ၊ *“နောင်တရကြလော့။ ဧဝံဂေလိတရားကိုယုံကြည်ကြလော့။ ”*ဟုမိန့်တော်မူထားချက်ကို(ရှင်မာကုခရစ်ဝင်ကျမ်း ၁း၁၅)တွင်ဖော်ပြထားသည့်အပြင်၊ *“ရှင်လုကာခရစ်ဝင်ကျမ်း ၁၃း၃ ”* တွင်လည်း၊ *“သင်တို့ရှိသမျှသည်လည်းနောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟုငါဆို၏။ ”*ဟုမိန့်တော်မူထားပါသည်။ တမန်တော်ဖြစ်သောရှင်ပေတရု(စိန့်ပီတာ –St.Peter)ကလည်း၊ *“သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။ ”(တမန်တော်ဝတ္တု ၂း၃၈)*

*“ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။ ”(ဧဖက်ဩဝါဒစာ ၂း၈–၁၀)*

*“ထိုသားတော်၏အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနှုတ်တော်မူခြင်းကျေးဇူးကိုငါတို့သည်ခံရကြ၏။ ”(ကောလောသဲဩဝါဒစာ ၁း၁၄)*

*“ထိုသူကိုလက်ခံသမျှသောသူတည်းဟူသောကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။ ”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁၂)*

ချစ်သောမိတ်ဆွေ၊သခင်ယေရှုအားကြိုက်နှစ်သက်ခြင်း၊ကြီးမြတ်သောသူ(သို့မဟုတ်)ပရောဖက်ဖြစ်သည်ဆိုသောစဉ်းစားဆင်ခြင်ခြင်းမျိုးနှင့်ပတ်သက်မှုမရှိသကဲ့သို့ဘာသာရေးနှင့်လည်းသက်ဆိုင်မှုမျိုးမရှိပါ။ သင်၏ကျန်ရှိနေသောအသက်တာအတွက်ဘုရားသခင်(ခမည်းတော်)၏နှုတ်ကပတ်တော်အရသခင်ခရစ်တော်၏နောက်တော်သို့လိုက်ပါဖို့ရန်၊သင်၏အပြစ်တို့မှနောင်တရ၍ထိုအရှင်အားမိမိ၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုဆုံးဖြတ်ပြီးသည့်နောက်တွင်ထိုအရှင်နှင့်ဆက်နွယ်မှုတစ်ခုအားရရှိခြင်းနှင့်ပတ်သက်နေပါသည်။ သခင်ယေရှုမှ၊ *“ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။.....ငါ့ပညတ်ကိုရ၍စောင့်ရှောက်သောသူသည်ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကိုငါ့ခမည်းတော်သည်ချစ်တော်မူမည်။ ငါသည်လည်းထိုသူကိုချစ်၍သူ့အားကိုယ်တိုင်ထင်ရှားမည်ဟုမိန့်တော်မူ၏။ ”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း၁၅၊၂၁)*

ဤနေရာတွင်ပိုမိုသောနှုတ်ကပတ်တော်များရှိနေသည်မှာ၊–

*“ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်(သခင်ယေရှု)ကိုစွန့်တော်မူသည်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။ လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ဘုရားသခင်သည်သားတော်ကိုဤလောကသို့စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည်ကိုယ်တော်အားဖြင့်ကယ်တင်ခြင်းသို့ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။ ”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၁၆–၁၇)*

*“ကိုယ်အပြစ်ကိုဘော်ပြတောင်းပန်လျှင်၊ငါတို့အပြစ်များကိုလွှတ်၍ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ၊.... ”(ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၉)*

ဤနေရာတွင်နှုတ်ကပတ်တော်တရားအရသခင်ယေရှုအားသင်တို့၏ကယ်တင်ရှင်နှင့်အရှင်သခင်အဖြစ်မည်သို့လက်ခံရရှိမည်ဆိုသည်မှာ၊–

*“သင်သည်သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ဘုရားသခင်သည်သူ့(သခင်ယေရှု)ကိုသေခြင်းမှထမြောက်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။.. ကယ်တင်ခြင်းသို့ရောက်ခြင်းငှါစိတ်နှလုံးဖြင့်ယုံကြည်ရ၏ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ၏။ ”(ရောမဩဝါဒစာ ၁၀း၉၊၁၁)*

သင်တို့သည်သခင်ယေရှုခရစ်အားလက်ခံလိုကြလျှင်ဤအကြံပြုထားသောဆုတောင်းချက်ကိုသင်တို့၏နှလုံးသားတစ်ခုလုံးဖြင့်ဆုတောင်းနိုင်ကြပါသည်။

*“အရှင်ယေရှုဘုရား၊ကိုယ်တော်ရှင်အားကျွန်တော်၊ကျွန်မ၏နှလုံးသားတစ်ခုလုံးဖြင့်ယုံကြည်ပါသည်။ ကိုယ်တော်ရှင်သည်ကျွန်တော်၊ကျွန်မ၏အပြစ်အတွက်ကြောင့်လက်ဝါးကားတိုင်တော်တွင်အသေခံတော်မူပြီးကျွန်တော်၏အပြစ်အတွက်ကြောင့်ပင်သေခြင်းမှပြန်လည်ရှင်ပြန်တော်မူခဲ့ပါသည်။ ကျွန်တော်၊ကျွန်မ၏အပြစ်တို့ကိုခွင့်လွှတ်တော်မူခါယခုကျွန်တော်၊ကျွန်မအားကိုယ်တော်ရှင်၏သား၊သမီးကဲ့သို့လက်ခံတော်မူပါ။ ယခုကျွန်တော်၊ကျွန်မသည်မိမိတို့၏ကျန်ရှိနေသောအသက်တာတစ်ခုလုံးအတွက်ကိုယ်တော်ရှင်အားသစ္စာရှိစွာဖြင့်ကိုယ်တော်ရှင်နှင့်ကိုယ်တော်ရှင်၏သွန်သင်မှုတို့အားနာခံလိုက်လျှောက်ရန်ဆုံးဖြတ်ပါပြီ။အာမင်။ ”*
ဟုဆုတောင်းနိုင်ကြပါသည်။

သင်တို့၏ယုံကြည်ခြင်းဖြစ်သောဤဝန်ခံမှုအပေါ်တွင်သင်တို့သည်“ဒုတိယမွေးခြင်း”အားခံယူပြီးကြခါသခင်ယေရှု၏မိသားစုဝင်အတွင်းသို့ဝင်ရောက်မှုအားလက်ခံပြီးဖြစ်ပါသည်။ ယခုမျှော်ရှင်စွာဖြင့်ဤကယ်တင်ခြင်းဆိုင်ရာအံ့ဖွယ်ရာသတင်းကောင်းနှင့်ပတ်သက်၍အခြားသောသူများကိုလည်းဝေငှပါ။ သန့်ရှင်းသောသမ္မာကျမ်းစာတော်မြတ်အားရယူပြီးမည်သည့်အရာတို့ကိုသွန်သင်လျက်ရှိသည်ဆိုခြင်းကိုဖတ်ရှုပါ။ ယင်းအားလေ့လာဖတ်ရှုဖို့ရန်ဤအရာသည်သင်စားသောက်သောအစာအဟာရကဲ့သို့ပင်အထောက်အကူဖြစ်စေပါလိမ့်မည်။

*“ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ဘုရားသခင်၏လူသည်စုံလင်သောသူ၊ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ဩဝါဒပေးခြင်း၊အပြစ်ကိုဘော်ပြခြင်း၊ဖြောင့်မတ်စွာပြုပြင်ခြင်း၊တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။ ” (တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၆)*(အာဟာရဖြစ်ခြင်းနှင့်သက်သာစေခြင်း။)

*“ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ ”(ရောမဩဝါဒစာ ၁၀း၁၇)*(ကျမ်းစာအားဖတ်ရှုခြင်းနှင့်နှုတ်ကပတ်တော်အားအခြားသောသူများမှသွန်သင်ခြင်းဖြင့်ကြားနာရခြင်း)

*“ယေရှုသည်ခရစ်တော်တည်းဟူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကိုသင်တို့သည်ယုံကြည်အကြောင်း၊ထိုသို့ယုံ၍နာမတော်အားဖြင့်အသက်ကိုရမည်အကြောင်း၊ဤမျှလောက်ရေးထားလျက်ရှိသတည်း ”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၂၀း၃၁)*

*“ယုံကြည်၍ဗတ္တိဇံခံသောသူသည်ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။ မယုံကြည်သောသူမူကားအပြစ်စီရင်ခြင်းကိုခံရလတံ့။ ”(ရှင်မာကုခရစ်ဝင်ကျမ်း ၁၆း ၁၆)*

သခင်ယေရှုမိန့်တော်မူသည်မှာ၊ *“သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါဆုံးမဩဝါဒကိုပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင်သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟုတပည့်တော်တို့အားမိန့်တော်မူ၏။ ”(ရှင်မဿဲခရစ်ဝင်ကျမ်း ၂၈း၁၉)*

*“ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။..... ငါတို့သည်ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည်ငါတို့ကိုချစ်၍ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ၊သားတော်ကိုစေလွှတ်တော်မူသောအရာ၌ချစ်ခြင်းမေတ္တာရှိ၏။ ”(ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၈၊၁၀)*


**ဆက်သွယ်ရန်၊**

**E:mail - futurelifenews4u@gmail.com**

*www.tracts.com/Karin’sTractPage.html*